
# သခင့်စကား The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဥ်ရေးရာစာစောင်


ထို တရားစကားကို တွေ့ရသော သူတို့သည်
အသက်ရှင်ခြင်း ၊ တကိုယ်လုံး ကျန်းမာခြင်း
အကြောင်းကိုတွေ့ရပြီ။ သုတ္တံ ၄း ၂၂

အမှတ်စဉ် (၁၂၇) မတ်လ ၂၀၁၂ ခုနှစ် ဓမ္မဒါန (လစဉ် ပထမတနင်္ဂနွေနေ့တိုင်းအခမဲ့ဖြန့်ချိသည်) www.thelordword.com . facebook; lord's word and lord's heart


**သခင်နဲ့ကျွန်ေ်** (မင်းအောင်သက်လွင်)



ကျွန်ေ့် ဝေဒနာ ပြေပျောက်ဖို့ သခင့်ခြေရာနောက်လိုက်စို့။
ကျွန်ေ့် ဒဏ်ရာ သက်သာဖို့ သခင့်စေရာ လိုက်လျှောက်စို့
ကျွန်ေ့် နေဝန်း ထွန်းလင်းဖို့ သခင့်မျက်ဝန်း ရှင်းလင်းစို့
ကျွန်ေ့် လွင်ပြင် သာယာဖို့ သခင့်ရင်ခွင် မှာ ခိုနားစို့
ကျွန်ေ့် အပြုံးများ လတ်ဆတ်ဖို့ သခင့်နှလုံးသား ရှိကြစို့
ကျွန်ေ့် တရား လှပဖို့ သခင့်စကား နားချစို့။
သခင်က အိုးထိန်း၊ ကျွန်ေ်က အိုးမြေ
သခင်က သိုးထိန်း၊ ကျွန်ေ်က သိုးလေ
သခင်က စပျစ်ပင်၊ ကျွန်ေ်က စပျစ်ခက်
သခင်က သခင်၊ ကျွန်ေ်က ကျွန်။
သခင်က အဖ၊ ကျွန်ေ်က သား
သခင်က သတို့သား၊ ကျွန်ေ်က သတို့သမီး။
ဒီဘဝ ဒီခရီးမှာ
သခင်နဲ့ ကျွန်ေ် ဘယ်တော့မှ မလွဲချော်
ထာဝရ ခရီးဖော် ဖြစ်ပါရစေတော့သခင်။



---

**သခင်ချစ်တဲ့ပန်း** မလေး (တပ်ကြီးကုန်းအသင်းတော်-မော်ဘီ)





လူတကာရဲ့ ဦးထိပ်မြန်း တော်ဝင် သဇင်ပန်းလဲ မဖြစ်ချင်ပါ။
တန်ဖိုးမြင့်တော့ စိတ်ကြီးဝင်ကာ သခင့်ကို မေ့မှာစိုးလို့ပါ။
ဆူးများဝန်းရံ အရောင် ကဗ္ဗလာနီမို့
အများသူငါ နှစ်သက် စွဲမက်ဖွယ်ရှိတဲ့ ပန်းနှင်းဆီလဲ မဖြစ်ချင်ပါ။
သိပ်လှပတော့ မာန်တွေဝင့်ကာ သခင့်ကို မေ့မှာစိုးလို့ပါ။
ဖြူဖွေးသန့်စင် ဂုဏ်ရောင်တွေကင်း ရိုးသားခြင်းနှင့် လိုချင်မက်မော
မရှိသော၊ သခင်ချစ်တဲ့ပန်း တောနင်းပန်းကလေးဘဲ ဖြစ်ချင်တယ်။
သည်တော့ - နင်းပန်းဘဝ ငြိမ်းချမ်းလှ ၊ သခင့်ကို မေ့မရ ထာဝရ။

---

**အပြစ်ရဲ့အခ သေခြင်း။** နန်းရထိုက်(ကနခ)

ကမ္ဘာဦးလူသားအစ အာဒံနဲ့ဧဝ ကိုယ်တော်ဖန်ဆင်း ဥယျာဉ်ကြီးထဲမှာ
ပျော်ရွှင်စွာ ကိုယ်တော်မိန့်မှာစကား ဥယျာဉ်အလယ်က အပင်ကြီး အသီးမစားရ။
ထိုစဉ်ချိန်ခါ စာတန်မှာ လှည့်စားခြင်းနဲ့ သူရောက်လာ
မဧဝကို သူလှည့်စား စာတန်စကား သူယုံစား။ ထိုအသီးကို စားမိကာ
နာမ်သက်ပြတ်လို့ ဘုရားနဲ့ဝေးကွာ ကြုံလာဒုက္ခ ရှောင်မရ
လူတိုင်းကြုံရ သဘောရ ၊ အပြစ်ရဲ့အခ သေခြင်းက။




---

**ခွင့်လွှတ်ပါ သခင်** ဖိုးလေး(အင်းစိန်)

သခင့်ကို ချစ်တယ်လို့ နှုတ်က ပြောပြီး စိတ်နှလုံးထဲမှာ ဇာတိကို ဦးစားပေးခဲ့တယ်။
လက်များမြှောက်ပင့်လျှက် သခင့်ကို ကိုးကွယ်ပြီး
ခြေလှမ်းတွေဟာ အပြစ်ပြုမိရာကို သွားခဲ့တယ်။
သခင် ကျွန်ုပ်အပြစ်များကို ခွင့်လွှတ်ပါလို့ ဝန်ချတောင်းပန်ပြီး
ဒီအပြစ်နွံထဲမှာဘဲ ကျွန်ုပ် သာယာမိခဲ့တယ်။
အပြစ်များနဲ့ ပြည့်နက်နေတဲ့ ကျွန်ုပ် ဘဝနဲ့ မျက်ရည်တွေကို သခင်သိပါတယ်။
စစ်မှန်တဲ့ နောင်တ တရားများနဲ့ သခင့်ဆီကို ပြန်လှည့်လာမဲ့ ခြေလှမ်းသစ်များကို
သခင်မျှော်လင့် ကြိုဆိုနေမယ်ဆိုတာကိုလဲ ကျွန်ုပ်သိပါတယ် သခင်။
နောင်တ နှလုံးသားနဲ့ အသစ်သော နှလုံးသားကို
သခင် လက်ခံ၍ ဝိညာဉ်ခွန်အားများကို ပြန်လည်ပေးသနားလှည့်ပါသခင်။



**ကျွန်ေ် ကျမတို့၏ သိုးထိန်းက ဘုရားသခင်** YKT

ထာဝရဘုရားသည် ငါ၏ သိုးထိန်းဖြစ်တော်မူ၏။ ငါသည် ဆင်းရဲ မခံရ။ ဆာ ၂၃း၁ သခင့်စကား စာစောင်ကနေ သက်သေခံရေးသားခွင့်ရလို့ ဘုရားကျေးဇူးကို ချီးမွမ်းပါတယ်။ ၂၀၁၀ မေလ ၁၄ရက်နေ့မှာ ကျမရဲ့ အိုဂျီက ခွဲမွေးဖို့ ဒိတ် လုပ်ထားပါတယ်။ ရွှေဗဟို ဆေးခန်းမှာလဲ အခန်းကို ဘွတ်ကင်လုပ်ထားပြီး ၁၃ရက်နေ့ ညနေမှာ ဆေးခန်း စတက်ရပါတယ်။ သူနာပြုဆရာမလေးက ည၁၀နာရီ နောက်ပိုင်းမှာ ဘာမှ မစား ရဘူးလို့ လာပြောပါတယ်။ ရေလဲ မသောက်ရဘူးတဲ့။ မစား မသောက် ရတော့ နေထိုင် ရတာ သိပ်အဆင်မပြေပါဘူး။ ခွဲမဲ့ အချိန်က မနက် ၇နာရီ ခွဲမှာ ဆိုပေမဲ့ မတိုင်ခင် ကတည်းက အကျီလဲ၊ တွန်းလှည်းပေါ် တက်ခိုင်းပါတယ်။ အဲဒီအချိန်က စပြီး ကျမ အရမ်းကြောက်နေပါပြီ။ ကျမ အမျိုးသားက အလုပ် ခွင့်မရတော့ လာမကြည့် နိုင်ပါဘူး။ ကျမ ဘေးနားမှာ အမေနဲ့ သူငယ်ချင်းတွေဘဲ ရှိတာပေါ့။ အမေက အားပေးပါတယ်။ မကြောက်နဲ့ ဘုရားသခင်အနားမှာ ရှိတယ်တဲ့။ ဒါနဲ့ ခွဲခန်းအဝမှာ ကျမ သူတို့ကို ကြည့်တော့ ကျမက သတိမေ့ခါနီးနေပါပြီ။ နှုတ်ခမ်းတွေပြာပြီး ချွေးတွေ ပျံလာတော့ သူတို့တွေလဲ ကျမကိုကြည့်ပြီး လန့်နေကြပါတယ်။ ဒါနဲ့ သွေးပေါင် ချိန်ကြည့်တော့ ၆၀။ ၈၀ဆိုပြီး အောက်ဆီဂျင်ပေးပြီး ဆေးသွင်းရပါတယ်။ အိုဂျီ ကတော့ ခွဲခန်းထဲမှာ စောင့်နေပါတယ်။ သူက ကျမကို ခွဲပြီးရင် နောက်လူ တစ်ယောက်ကို ခွဲဖို့ရှိသေးတယ်တဲ့။ ကျမလဲ အရမ်းကြောက်နေပါပြီ။ ဒီကလေးကို ငါ မမွေးနိုင်တော့ဘူး ထင်တယ်လို့ပြောလိုက်မိပါတယ်။

အိုဂျီက ကျမ နှလုံး အားနည်းလို့ ခွဲမွေးတာ ဖြစ်ပေမဲ့ ခွဲမွေးတာတောင် တော်တော် စိုးရိမ်နေလို့ မကြောက်နဲ့။ ခွဲတာ ခနလေး။ စိတ်ကို တင်းပြီး နော်မယ် ဖြစ်အောင် ပြန်နေပါတဲ့။ ကျမလဲ ကြောက်တဲ့စိတ်ကို ဘုရားသခင်လက်ထဲ အပ်နှံပြီး ဆာလံ ၂၃း၁-၆။ ကို အကြိမ်ကြိမ် ရွတ်ဆိုပြီး ထာဝရဘုရားသည် သမီး၏ သိုးထိန်း ဖြစ်တယ်။ ဒီစိုးရိမ် စိတ်တွေကို အဝေးသို့ ဖယ်ရှားပေးပြီး လွယ်ကူစွာ ခွဲစိတ်နိုင်ဖို့ ပြင်ဆင်ပေးပါလို့။ သမီး ခွဲမွေးပြီး ကျန်းမာပြီးသွားရင် သက်သေခံ ဝေမှမယ်လို့ ကတိပေးခဲ့ပါတယ်။ ဒါနဲ့ဘဲ အချိန် ၈နာရီလောက်မှာ ပကတိအတိုင်း ဖြစ်သွားပြီး ခွဲခန်းထဲသို့ ပို့ပြီး ထုံဆေးထိုးပြီး လွယ်ကူစွာ ခွဲနိုင်ခဲ့ပါတယ်။ ပြီးတော့ ကျမ သမီးလေးကို ကျမကို လာပြပြီး ၉ပေါင်နဲ့ ၁၀အောင်စတဲ့။ ခြေလက် အင်္ဂါ စုံလင်ပြီး ဖြူဖွေးဝတုတ်တဲ့ ချစ်စရာ သမီးလေးတဲ့။ အိုး ကျမ ကျေးဇူးတော် ချီးမွမ်းလိုက်ပါတယ်။ ကိုယ်တော် ကျေးဇူး တင်တယ်။ အရမ်းကို ဝမ်းသာပြီး နာကျင်တဲ့ ဝေဒနာတွေ ပျောက်ကင်းပြီး ချစ်စရာ ကောင်းတဲ့ သမီးလေးကို ဘုရားသခင် ပြင်ဆင်ပေးသောကြောင့် ထပ်မံပြီး ချီးမွမ်း ပါတယ်။ ထာဝရဘုရားသည် သမီး၏ သိုးထိန်းပါလို့ ပြောပြီးထပ်၍ ချီးမွမ်းတယ်။ ပြီးတော့ ဘုရားသခင်က ဘယ်လောက်ကောင်းမြတ်ပြီး ပြင်ဆင်ပေးလဲဆိုတော့ ကျမ ခွဲပြီး နောက်တစ်ယောက်ကို ခွဲတဲ့ ကလေးက ၇ပေါင်ကျော်ရှိတယ်တဲ့။ ဒါပေမဲ့ ဒီကလေးက သွေး လဲရတယ်။ အောက်ဆီဂျင် ပေးရတယ်။ ပြီးတော့ မိခင်လဲ နေမကောင်း ဖြစ်ပြီး ရင်သွေးလေးကိုတောင် မကြည့်နိုင်ဖူးတဲ့။ ဒါပေမဲ့ ကျမ သမီးလေးက အရမ်းကျန်းမာပြီး အသားလဲ မဝါဘူး။ ဘာသွေးမှလဲ မလဲရဘူး။ ပြီးတော့ ဘာဆေးမှလဲ မသောက်ရဘူး။ ကျမလဲ ကျန်းမာတယ်။ ရင်သွေးကို ကြည့်ပြီး ကျမရဲ့ နို့ရည်ကို တိုက်နိုင်ခဲ့ပါတယ်။ ဘုရားသခင်တကယ် ကောင်းမြတ်ပါတယ်။ ပြီးတော့ အိုဂျီက ကျမကို လာပြီး ကြည့်တဲ့ အခါမှာ သူက ဘာပြောသလဲဆိုတော့ "ငါ နှစ်ယောက်စလုံးကို ခွဲမွေးပေးခဲ့တာဘဲ၊ ဒါပေမဲ့ နင်တို့ကို ကြည့်ရတာ ပိုပြီး ဝမ်းသာတယ် " တဲ့။ ဒါက ဘုရားသခင်ရဲ့ ကျေးဇူးတော်ပါလို့ ကျမ ပြန်ပြောလိုက်ပါတယ်။ လူချင်း တူပေမဲ့ ကောင်းကြီး ခံစားရတာချင်း မတူပါဘူး။ ကျမ သုံးရက်ဘဲ နေရတယ်။ အပြင်ဆေးခန်း ဆိုတော့ အစိုးရဆေးရုံနဲ့ မတူဘူးပေါ့။ ဒါပေမဲ့ လိုအပ်တဲ့ ငွေကြေးမှ အစ ဘုရားသခင် ပြင်ဆင်ပေးပါတယ်။ အကယ်၍ ကျမသာ ဘုရား သမီး မဟုတ်ဘူး။ ယုံကြည်သူ တစ်ယောက် မဟုတ်ဘူးဆိုရင် ဘာဖြစ်လာမလဲဆိုတာကို မပြောနိုင်ပါဘူး။ ဒါ့ကြောင့် ကျမတို့ရဲ့ သိုးထိန်း ဘုရားသခင်ကို ပိုပြီး ချီးမွမ်းပါ။ အမြဲတမ်း နံပါတ် ၁ နေရာမှာ ထားပါ။ ဘယ်တော့မှ မမေ့ပါနဲ့။ ဒါဆိုရင် ခက်ခဲ ကြမ်းတမ်းတဲ့ အရာတွေကို သူများနဲ့

မတူ ထူးခြားတဲ့ အောင်မြင်မှုနဲ့ ဖြတ်ကျော်နိုင်မှာပါ။ ဒါကြောင့် ကျမ ဝေငှ ပြောချင်တာကတော့ ထာဝရဘုရားသည် ကျနော် ကျမတို့၏ သိုးထိန်း ဖြစ်တယ်ဆိုတာကို အားလုံး မမေ့ရန် ဒီသက်သေခံချက်လေးအား ဖြင့် ဝေငှလိုက်ပါတယ်။ ဖတ်ရှုသော သားသမီး အယောက်ဆီတိုင်း ဘုရားနဲ့ အတူရှိပြီး ကြွယ်ဝသော ကောင်းကြီး မင်္ဂလာကို ခံစားနိုင်ပါစေလို့ ဆုတောင်း ရေးသားသက်သေခံလိုကိပါတယ်။ Y.K.T

---

# တကျာ

## တကျာ၁နဲ့ ပါဝါ - ၅ (အယ်ဒီတာ)

မှတ်မှတ်ရရ ၂၀၁၂ ခုနှစ် ဇန္နဝါရီလ တရုတ်နှစ်ကူး ပထမနေ့ အသင်းတော် ကျမ်းစာ သင်တန်း တက်နေချိန်မှာ ဒီစာလေးတစ်စောင် ကျနော့် လက်ထဲရောက်လာပါတယ်။ ရောက်လာပုံလေးက နဲနဲဆန်းပါတယ်။ ကာယကံရှင် မိန်းကလေးက လူကိုယ်တိုင် မပေးရဲတာကြောင့် အသင်းတော် စည်းဝေး အလှူငွေခံချိန်မှာ အလှူငွေအိတ်ထဲကို စာလေးထဲ့ သွားတာဖြစ်ပါတယ်။ မိန်းကလေးက ၂၀၁၂ ဇန္နဝါရီလမှာ ဒီစာလေးကို သခင့်စကား စာစောင်ထဲ ပါစေချင်ပေမဲ့ အလှူငွေအိတ်လေးထဲ ရောက်နေတဲ့ စာလေးဟာ အသင်းတော် ဘဏ္ဍာထိန်းက တဆင့်၊ ကာလအတန်ကြာ လူအဆင့်ဆင့် လက်ဆင့်ကမ်း ဖြတ်ပြီးမှ ကျနော့်လက်ထဲ ရောက်လာတဲ့အတွက် နောင့်နေး ကြန့်ကြာ နေခဲ့ပါတယ်။ စာရောက်တဲ့ အချိန်မှာတောင် ဖေဖော်ဝါရီ လဆန်းခါနီး မို့ သူ့ဆန္ဒကို မဖြည့်နိုင်ခဲ့ပါ။ ဒါပေမဲ့ တကျာနဲ့ ပတ်သက်လို့ အမှောင်လမ်းကို သိလျက်နဲ့ လျှောင်လှမ်း မှားမိတဲ့ သူ့အပြစ်တွေ ဝန်ချချင်တာမို့ စာဖတ်ပရိတ်သတ် သိအောင် တင်ဆက်ပေးလိုက်ပါတယ်။ (အယ်ဒီတာ)

## အမှောင်လမ်းကို သိလျက်နဲ့လျှောက်မိတဲ့အမှား (မိန်းကလေးတစ်ဦး)

၄-၁၂-၂၀၁၁ မှာပါတဲ့ တကျာနဲ့ပါဝါ - ဆိုတဲ့ သခင့်စကားက ဆောင်းပါးလေးကို ဖတ်လိုက်ရချိန်မှာ ဆက်ပြီး မဖတ်ချင်လောက်အောင် တုန်လှုပ်မိပါတယ်။ ကိုယ့်ရဲ့ လိုအပ်ချက်ကို ဘုရားဆီမှာ မတောင်းဘဲ လူဆီမှာ တောင်းခဲ့ပြီး အမှောင် လမ်းကို လျှောက်ခဲ့မိပြီး အိမ်ထောင်ရေး ဖောက်ပြန်တဲ့ ဘဝကို ရောက်မိခဲ့ရပါတယ်။ သူ့ရဲ့ သက်သေခံချက်တွေက ကျမရဲ့ လက်ရှိ လျှောက်နေတဲ့ မှားနေတဲ့ အမှားနဲ့ တစ်ထေရာ တည်းပါဘဲ။ ကျမက ပိုပြီး ဆိုးလိမ့်မယ် ထင်ပါတယ်။ သိသိကြီးနဲ့ မှားမိတဲ့ အမှားဖြစ်တာကြောင့် ပြင်ဖို့ရန် အရမ်းကို ခက်ခဲပါတယ်။ ဒီစာစောင်လေးကို ဖတ်လိုက် ရချိန်မှာတော့ လုံးဝကို ပြင်ဆင်ဖို့ ဆုံးဖြတ်လိုက်ပါပြီ။ ဒီစာစောင် လေးနဲ့ဘဲ ကျမရဲ့ အပြစ်တွေကို ဘုရားရှေ့ လူရှေ့မှာ ဝန်ချတောင်းပန်ပါတယ်။ ကျမရဲ့ အမည်ကို မဖော်ပြနိုင်ပေမဲ့လို့ ဘုရားရှင်က ကျမရဲ့ နာမည်နဲ့ အမှားကို သိပြီးသားပါ။ လူကိုဘဲ လိမ်လို့ရမယ်။ ဘုရားကိုတော့ လိမ်လို့ မရပါဘူး။ မိသားစုနဲ့ ဝေးကွာနေတဲ့ အချိန်မှာ အနီးက ပေးလာမဲ့ ကြင်နာခြင်း ကရုစိုက်ခြင်းတွေကို သာယာမက်မောမိခဲ့တယ်။ သူနဲ့ ဆက်သွယ်နေတုံး ချစ်နေတုံး သူခေါ်ရာကို လိုက်နေတုံးကတော့ သူ့အတွက်ရော ကျမ အတွက်ပါ။ ပျော်စရာပေါ့။

ကျမရဲ့ လိုအပ်ချက်တွေ၊ စားချင်တာ ဝတ်ချင်တာလေးတွေ ငွေကြေး အနည်းငယ်နဲ့ ဖုန်းကဒ်လေးတွေက အစ ကျမရဲ့ အသေးသုံး လိုအပ်ချက်လေးတွေကို သူက အကုန်တာဝန်ယူခဲ့တာပေါ့။ အပြစ်ကို သိလို့ နောက်ဆုတ်ချိန်မှာတော့ ပြောခဲ့တဲ့ စကားတွေက နာစရာတွေချည်းပါဘဲ။ ယောကျာ်းတစ်ယောက် တန်မဲ့ ညစ်ညမ်းတဲ့ စကားတွေနဲ့ ကျမ ဘဝကို ဖျက်ဆီးမတတ် ခြိမ်းခြောက်မှုတွေက အလူးအလဲ ခံစားရပါတယ်။ နောင်တ နဲ့ ပြန်လာတဲ့ သူ့သားသမီးတွေကို ဘုရားရှင်က အမြဲ ကြိုဆိုနေပါတယ်ဆိုတာ ကျမ သိလာရပါတယ်။ ယခုဆို ရှက်ကြောက်ခြင်း ကင်းပြီး တည်ငြိမ် လာခဲ့ရပါတယ်။ ကျမလိုဘဲ သိသိကြီးနဲ့ မကောင်းလမ်းကို အမှောင်တကာ့ အမှောင်ဆုံး လမ်းကို မလျှောက်မိဖို့ အတွက် ဒီစာစောင်လေးနဲ့ သက်သေခံပြီး ဘုရားရှေ့ လူရှေ့မှာ ဝန်ခံပါတယ်။ အမှောင်လမ်းက သာယာမှုမျိုးကို မလိုက်မိပါစေနဲ့လို့ ဒီစာလေးနဲ့ ရေးပြပါရစေ။ ။ မိန်းကလေးတစ်ဦး

---

# သက်သေခံချက်

## သက်သေခံချက် H (ဟိုပ်ချ်)

ရှေ့ဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းရင်း သက်သေခံချက် စာလေးကို ရေးသားလိုက်ပါတယ်။ ကျမ လွန်ခဲ့တဲ့ ၂နှစ်က သက်သေခံချက် ရေးလိုက်ဖူးပါတယ်။ လိပ်စာ မမှန်လို့ အယ်ဒီတာဆီ မရောက်တာဖြစ်နိုင်လို့ စာမူ အခုထိ ပါမလာခဲ့ပါဘူး။ ဘုရားကို ကတိပေးထားတဲ့အတိုင်း သက်သေခံချက်ကို ထပ်မံရေးသားလိုက်ပါတယ်။ လူတွေ အများကြီးရှေ့မှာ သက်သေခံဖို့ ရှက်နေတဲ့ ကျမ အခုလို စာရေး သက်သေခံလိုက်ပါတယ်။ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလက ကျမ စင်ကာပူကို ရောက်လာခဲ့ပါတယ်။ နိုင်ငံခြား သွားဖို့ လုံးဝ စိတ်ကူး မရှိခဲ့ပါဘူး။ ကျမတို့ သူငယ်ချင်းသုံးယောက် နိုင်ငံခြား သွားဖို့ လုပ်ထားခဲ့ပါတယ်။ အခွင့်ကြုံရင် လွယ်လွယ်လေးနဲ့ သွားလို့ ရတယ်ဆိုပြီး ပတ်စ်ပို့ လုပ်ထားခဲ့ပါတယ်။ တစ်ယောက်က အမေရိကန် နိုင်ငံ သွားရပြီး ကျမတို့ နှစ်ယောက်ကတော့ စင်ကာပူမှာ အိမ်အလုပ်နဲ့ လာပြီးလုပ်တယ်။ အားလုံးက ကျမအတွက် စိတ်ပူတယ်။ ကျမက အရမ်းစိတ်ပျော့တယ်။ ခံနိုင်ရည်မရှိဘူးလို့ အားလုံးက ထင်ပြီး စိုးရိမ်ကြတယ်။ ကျမရဲ့ သူငယ်ချင်းနဲ့ ကျမက အရမ်းခင်ကြတယ်။ ဘာမဆို အတူတူ လုပ်တယ်။ ဒါပေမဲ့ စလုံးမှာ အလုပ်လုပ်တော့ သူက အဆင်ပြေတယ်။ ဘုရားကျောင်း သွားရတယ်။ အစစအရာရာ အဆင်ပြေတယ်။ ကျမက အရမ်းပင်ပန်းတော့ ဘုရားသခင်ကို အပြစ်တင်တယ်။ ဘာ့ကြောင့် သူများက အဆင်ပြေပြီး ကျမ ကျတော့ ဒီလိုဖြစ်ရတာလဲလို့ပေါ့။

ဒီလိုနဲ့ ကျမ ငိုပြီး ဆုတောင်းတယ်။ ဒီအိမ်မှာ မလုပ်နိုင်တော့ဘူး။ အိမ်ပြောင်းခွင့်ပေးပါလို့။ လူဦးရေ နည်းပြီး သက်ကြီးရွယ်အိုတွေကိုဘဲ ကြည့်ချင်တယ်လို့ တောင့်တမိပါတယ်။ ကျမ ဆုတောင်းတာပြည့်ရင် သက်သေခံမယ်လို့ ဆုတောင်းခဲ့ပါတယ်။ ဆုတောင်းတဲ့အတိုင်း လူကြီးတစ်ယောက်နဲ့ ကျမ အိမ်မှာ ၂ယောက်ဘဲ ရှိပါတယ်။ ကျမ ကြည့်တဲ့ လူနာက မျက်စိမမြင်၊ နားမကြား၊ လမ်းမလျှောက်နိုင်ပါဘူး။ စစချင်း ဆိုရင် မလုပ်နိုင်ဘူး။ ဒီလူနာက ၂၄နာရီ မအိပ်ဘူး။ ဒါနဲ့ ဘုရားကို အပြစ် တင်ပြန်ရော။ ဘာဖြစ်လို့ ဒီလိုနဲ့ ပေးရတာလဲ။ ဆက်ပြီး ဆုတောင်းတယ်။ အိမ်ပြောင်းချင်စိတ်က ပေါ်လာပြန်ပြီ။ ဒါပေမဲ့ ဘုရား မတတ်နိုင်တာ မရှိဘူး။ ဒီအိမ်မှာ လုပ်တော့ သူငယ်ချင်းနဲ့ စာ အဆက်အသွယ်လဲရတယ်။ ဒုတိယ ကတော့ ဖုန်းနဲ့ ဆက်သွယ်။ တတိယ ကျတော့ လူချင်းတွေ့ရပြီး၊ စတုတ္ထကျတော့ စာရော ဖုန်းရော လူရော တွေ့ခွင့်ရတော့ ပျော်လာတယ်။ ဘုရားသခင် ကောင်းမြတ်တယ်ဆိုတာ နားလည်လာတယ်။ ကျမ တောင်းတဲ့ ဆုအတိုင်း ပေးတယ်။ ဒီအိမ်မှာ အဆင်ပြေတယ်။ ဘာမှ မလုပ်ရဘူး။ လူနာတစ်ယောက်တည်း ပြုစုရတာ တစ်မျိုးဘဲ ဘုရားသခင်က ကောင်းမြတ်တယ်။ ကျမ ကြည့်တဲ့ လူနာက သူ သိပ် မအိပ်တော့ အိပ်ဆေးတိုက်လဲ မအိပ်ဘူး။ တမနက်မှာ သူ့ကို အစာကျွေးပြီး ကျမ ခနလေး အိပ်ပျော်သွားတယ်။ မိနစ်ပိုင်းလေးပါဘဲ။ သူ ကုတင်ပေါ်ကနေ ပြုတ်ကျသွားပြီးတော့ သူ့ရဲ့ခေါင်းက တမံသလင်းနဲ့ ဆောင့်မိပြီး သွေးတွေ ကျလာတော့ ကျမ သူ့ကို ကပြာကယာ မတင်လိုက်တယ်။ သူ့ရဲ့ ခေါင်းက သွေး မတိတ်ဘဲနဲ့ အဆက်မပြတ် စီးလာတော့ ကျမ ကြောက်ပြီး ကျမ်းစာကို ဖွင့်လိုက်တယ်။ ဇေဖနိအနာဂတ္တိကျမ်း ၃း၁၇ (သင်၏ ဘုရားသခင် ထာဝရဘုရားသည် သင့်အလယ်၌ ရှိ၍ တန်ခိုးကြီးသော ဘုရားသည် သင့်ကို ကယ်တင်တော်မူလိမ့်မည်။) မှာ တွေ့ရတာကတော့ အားရစရာပါဘဲ။ ဆုတောင်းပြီး အစ်မ တစ်ယောက်ဆီ ဖုန်းခေါ်ပြီး ဘယ်လို လုပ်ရမလဲ မေးမိတော့ ရေခဲနဲ့ အုပ်တဲ့။ အုပ်ပေမဲ့ အဆင်မပြေပြန်ဘူး။ အတွင်းကျေ ကြေပြီး ဒဏ်ရာရမှာ စိုးရိမ်မိပါတယ်။ ဆုတောင်းမိတော့ ဘာဒဏ်ရာမှ မကျန်ဘဲ သက်သာခဲ့ပါတယ်။ နောက်ထပ် သူက ကုတင်ပေါ်က ပြုတ်ကျပါတယ်။ လက်မှာ ဒဏ်ရာသေးသေးလေး ရခဲ့ပါတယ်။ ခြေလက် မကျိုးတာကဘဲ ကျေးဇူးတော်ပါဘဲ။ ဒါပေမဲ့ ကျမ ဆုတောင်းရင်း ဘုရားကို အပြစ်တင်နေဆဲဘဲ။ တစ်နေ့တော့ ကျမ ကြည့်နေတဲ့ အဖိုး ဆုံးသွားလို့ ကျမ မြန်မာပြည် ပြန်သွားခဲ့ရပါတယ်။

ကျမ အိမ်အလုပ် မလုပ်ချင်တော့ဘူး။ အခြားအလုပ် လုပ်ခွင့်ပေးဖို့ ဆုတောင်းခဲ့ပါတယ်။ ပြောင်းလို့ မရဘူးလို့ ပြောတော့ ကျမ စိတ်ဓါတ်ကျသွားခဲ့ပါတယ်။ ယေရမိ ၃၃း၃။ ဟေရှာ ၄၁း၁၀။ မဿဲ ၂၁း၂၂ ။ ဖိ ၄း၆ တွေကို လက်ဆွဲပြီး ကျမ ဆုတောင်းခဲ့ပါတယ်။ မြန်မာပြည်မှာ ၈လ ကြာပြီး ဒုတိယအကြိမ် စင်ကာပူကို ပြန်ရောက်လာခဲ့ပြီး ကျမ တောင်းတဲ့ ဆုအတိုင်းဘဲ ဘုရားသခင်ပေးတယ်။ ဒါပေမဲ့ ကျမ အဆင် မပြေပါဘူး။ သူများတွေ အဆင်ပြေပြီး ကျမ အဆင်မပြေတော့ ဘုရားကို အပြစ်တင်ခဲ့မိပါတယ်။ မြန်မာပြည်က ကျမ အစ်မ တစ်ယောက်အိမ်မှာ ဘုရားရှိခိုးနေတုံး ဆရာ တစ်ယောက် ရောက်လာပြီး ဆုတောင်းပေးတယ်။ ကျမ ဆုတောင်းချက်တင်တော့ ဆရာက နင် ဘုရားကို ဘာ ကတိပေးထားလဲ။ နင်ပေးတဲ့ ကတိအတိုင်း ပြုရင် ဘုရားက ကောင်းကြီး ပြန်ပေးလိမ့်မယ် လို့ပြောတဲ့ အတွက် ကျမ ဘုရားကို ကတိပေးထားတာက ကျမ အတွက် ဘုရားသခင်ပြုသော ကောင်းကြီးကို သူတပါးတွေ ခွန်အား ရစေရန် ရေးသားသက်သေခံပါ့မယ်ဆိုတဲ့ ကတိဘဲ ဖြစ်ပါတယ်။ သက်သေခံချက် ရေးထားတာ စာ မရောက်လို့ သခင့်စကားထဲ ပါမလာသေးပါဘူး။ ကျမ အသစ် ပြန်ရေးပြီး သက်သေခံလိုက်ပါတယ်။ ဖတ်ရှုသူ အပေါင်း ဘုရားသခင် ကောင်းမြတ်ကြောင်း မြည်းစမ်း သိရှိနိုင်ပါစေ။ ။ H (ဟိုပ်ချ်)



သခင့်စကား ဝိညာဉ်ရေးရာစာစောင် အမှတ်စဉ် ၁၂၇ မတ်လ ၂၀၁၂ ခုနှစ်
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်များနှင့် မိတ်သဟာယများ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

နှောင့်ယှက် နေပါတယ်။ ကျမ်းစာဖတ်၊ ဆုတွေတောင်းရင်း ဘုရားက ကျွန်မကို သတိပေး လိုက်ပါတယ်.. (သမီး .. သူတစ်ပါးကို ချည်နှောင်ထားတယ်)တဲ့။ အဲဒီ တော့မှ.. ဘုရားကို ဝန်ချတောင်းပန်ပြီး ချည်နှောင်ခြင်းက လွတ်မြောက်ခဲ့တယ်။ သူ တစ်ပါးရဲ့ မဖွယ်မရာ စကားလုံး.. နာကျင်စရာ စကားလုံးတွေကို နှလုံးသားထဲမှာ လက်ခံ မိရင် ..ကိုယ်က နေရင်း စိတ်မချမ်းသာ.. အမုန်းတရားတွေ ပြည့်ပြီးရင် တစ်ခု လုံး ပူလောင်နေမှာပဲ.... ချည်နှောင်ခြင်းကို ကိုယ်တိုင် ဘုရားကို အပ်နှံတဲ့ အခါ ကျွန်မ အတွက် ၂၀၁၂ က လုပ ငြိမ်းချမ်းနေပါတယ်။ ရင်ထဲမှာလဲ ကြည်လင်ပြီး အမုန်း တရားတွေလဲ ကင်းစင်စေပါတယ်.. ဘုရားရဲ့ကျေးဇူးတော်ကြောင့် သူတစ်ပါးကို ချည်နှောင် ခြင်းမရှိ အသက်ဆက် ရှင်နိုင်ခဲ့ပါတယ်။ ၁.၁.၂၀၁၂ မှာရခဲ့တဲ့ သင်ခန်းစာ ဟာ ကျွန်မ ကြုံတွေ့ရတာမို့.. သူတစ်ပါးအပြစ်တွေဟာ ကိုယ့်ရင်ထဲမှာ နေရာ မပေးမိစေဖို့.. နေရာမယူစေဖို့.. နေရာပေးမိရင်.. နာကျင်စရာစကားက တချိန်လုံး ကိုယ့်ကို နှောင့်ယှက်ပြီး. ကိုယ့်ရဲ့ ပျော်ရွှင်မှုကို လုယူသွားတတ် ပါတယ်။ အခုတော့ ကျွန်မရဲ့ နှလုံးသားမှာ ချည်နှောင်ခြင်းတွေကင်းပြီး အဖဘုရားက ငြိမ်းချမ်းမှု တွေ အစားထိုးပေးလိုက်ပါပြီ။ ။ (မေးလယ်ဖော)

---



## *ကိုးရီးယားကပေးစာ* သင်းပွင့်ဖြူ

သမီးနာမည်ကတော့ သင်းပွင့်ဖြူလို့ ခေါ်ပါတယ်။ ကိုးရီးယားမှာ ကျောင်းတက် နေပါတယ်။ သခင့်စကားစာစောင်မှာ သက်သေခံဖို့ မရည်ရွယ်ထားပေမယ့် ဘုရားသခင် ကောင်းမြတ်ခဲ့တဲ့ အကြောင်းကို သက်သေ မခံဘဲ မနေနိုင်တော့လို့ အယောက်စီတိုင်းကို ဝေမျှချင်ပါတယ်။

ကိုးရီးယားကို ရောက်လာတော့ မြန်မာနိုင်ငံမှာ ကျမ်းစာ ဖတ်ခဲ့တာတွေ၊ ပါဝင် ဆက်ကပ်ခြင်းတွေ၊ ဆုတောင်းခြင်းတွေဟာ တဖြည်းဖြည်း လျော့နည်းလာခဲ့ပါတယ်။ ဒါကြောင့် ကျမ်းစာကို ပြန်ဖတ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အခုတလော စာမေးပွဲကလည်း နီးလာတော့ စိတ်ဖိစီးမှုတွေ အရမ်းများလို့ ကျမ်းစာကို ဖတ်ပေမယ့် အကြမ်းပဲ ဖတ်ခဲ့တယ်။ တနေ့ အဆောင်က ရေချိုးခန်းမှာ ရေတွေ အရမ်းလျှံနေလို့ အခက်အခဲ ကြုံခဲ့ ရပါတယ်။ အဆောင်က သူငယ်ချင်းနဲ့အတူ ရေပိုက်ခေါင်းကို ဖွင့်စစ်ပြီး အချိန် တော်တော်ကြာ ပြင်ပေမယ့် ဘာမှ မတွေ့ရဘဲ ရေက ဒီအတိုင်းပဲ နေ့တိုင်း မကျဘဲ တင်နေပါတယ်။ အဆောင်ကလည်း ၆ ထပ် မြောက်ဆိုတော့ ပိုက်က ဘယ်လိုသွားပြီး ရေဆင်းတယ် ဆိုတာလည်း မသိတော့ အခက်အခဲ ဖြစ်နေခဲ့ပါတယ်။

နောက်နေ့တော့ ဒီကိစ္စကို ရအောင်လုပ်မယ်ဆိုပြီး အချိန်ကြာကြာ ပြင်ခဲ့ပါတယ်။ ပစ္စည်းတွေကိုလည်း အမျိုးမျိုးသုံးပြီး၊ နည်းလမ်းပေါင်း မျိုးစုံ နဲ့ ပြင်ခဲ့ပါတယ်။ နေ့လည် အနားယူရမယ့် အချိန်ကို ကျော်ပြီး ကျမ်းစာဖတ်ရမယ့် အချိန်ရောက်တဲ့ အထိ ပြင်လို့ မပြီးခဲ့ပါဘူး။ ကျမ်းစာဖတ်ပြီး စာလုပ်ရမယ့် အချိန်ရောက်လည်း မရခဲ့ဘူး။ စိတ်ကလည်း မရှည်နိုင်တော့ဘူး။ အချိန်တွေ အရမ်းကို ကုန်နေပြီ။ အဲ့ဒီ အချိန်မှာ ဘုရားသခင်ကို စကားတခွန်းပြောလိုက်ပါတယ်။ ***ကိုယ်တော် ဒါမှ မပြီးရင် သမီး ကျမ်းစာဖတ်ရမှာ မဟုတ်တော့ဘူး*** လို့ ပြောမိပါတယ်။ အမှတ်တမဲ့ အဲ့ဒီလို ပြောလိုက်တဲ့ စကားလေးရဲ့ နောက်မှာ ချက်ချင်းပဲ ပိုက်ခေါင်းထဲမှာ ရှိနေတဲ့ အမှိုက်တွေ ထွက်လာပြီး ရေတွေ အောက်ကို ဆင်းကျသွားပြီး အားလုံး အဆင်ပြေ ပြီးသွားပါတယ်။ သမီး ပြောလိုက်တဲ့ အမှတ်တမဲ့ ဒီစကားလေးကို ဘုရားသခင် အရမ်း အလေး ထားခဲ့တာကို ခံစားမိခဲ့ပါတယ်။ ပြောရမယ် ဆိုရင် အရမ်း နှလုံးသားနပြီး သူ့ရဲ့ နှုတ်ကပတ်တော် အတွက် အချိန်လေး ပေးတော့မယ်ဆိုပြီး ယုံလွယ်တဲ့ အဖေ တစ်ယောက်လိုပါပဲ။ အဲ့ဒီအချိန်မှာ သမီး အရမ်းကို နှောင်တ ရမိပါတယ်.။ ဘုရားသခင်ကိုလည်း အထပ်ထပ် အခါခါ မေးမိပါတယ်။ ***ကိုယ်တော် သမီးကို အဲ့ဒီလောက်တောင် ချစ်လား။ ကျမ်းစာကို အဲ့ဒီ လောက်ထိတောင် ဖတ်စေချင်လား*** လို့ ငိုပြီး မေးမိပါတယ်။ ကျမ်းစာ ဖတ်ဖို့အတွက် အချိန်ပေးဖို့ကိုလည်း သမီး ဆုံးဖြတ်ခဲ့ပါတယ်။ သမီးတို့ အသက်တာမှာ စာတွေ ကြိုးစားရမယ့် အချိန်၊ လုပ်စရာရှိတာတွေ လုပ်ရမယ့် အချိန်တွေ အများကြီး လိုတယ်ထင်ပြီး ဘုရားအတွက် အချိန်ကို မပေး နိုင်ခဲ့ပါဘူး။ ဒါပေမယ့် ဘုရားသခင်က သူ့အတွက် ပေးစေချင်တဲ့ အချိန်လေးကို တကယ် ပေးနိုင်မယ် ဆိုရင် သမီးတို့အတွက် အချိန်အများကြီး မလိုဘဲ ခဏတာနဲ့ အရာ အားလုံးက အဆင်ပြေသွားမယ်ဆိုတာ ယုံကြည်မိပါတယ်။ ဘုရားသခင်က သမီးတို့နဲ့ အတူ ရှိနေတဲ့ အတွက်ကြောင့် ဖြစ်ပါတယ် ဆိုတာ အားလုံးကို ဝေမျှ သက်သေခံ ချင်ပါတယ်။ အယောက်စီတိုင်း ဘုရားသခင် ကို အချိန်ပေး၍ ဘုရားသခင့်ထံမှ ကောင်းကြီး ခံစားရရှိနိုင်ပါစေ။ ။ သင်းပွင့်ဖြူ

---

## ကျေးဇူးတော်ကိုပြန်လည်ရေတွက်ခြင်း Polaweh

ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့် ကျမ လုပ်သက်၂နှစ်ပြည့်သွားခဲ့ပါပြီ။ စင်ကာပူမှာ အလုပ် လာလုပ်ဖို့ တစ်ခါမှ မတွေးမိပေမဲ့ ဒီကိုရောက်လာတော့ အရာရာတိုင်းဟာ ဘုရားသခင် အလိုတော်ဘဲဆိုတာ သိလာခဲ့ရပါတယ်။ ကျမ နေတဲ့ နယ်မြို့လေးကနေ လိုအပ်တဲ့ စာရွက်စာတမ်းတွေကို ငွေကုန်ကြေးကျ မများဘဲ အဆင်ပြေပြီးစီးခဲ့ပါတယ်။ လောလော လောလောနဲ့ ထွက်လာလို့ မေ့ကျန်ခဲ့တဲ့ စာရွက်စာတမ်းတွေကို ဒေါက်တာ ဆရာနှစ်ပါးက လူကြုံနဲ့ တဆင့် သယ်လာပေးခဲ့ကြတဲ့ အတွက် အဲဒီ ဆရာဒေါက်တာတွေကို ကျေးဇူးအထူးတင်ပါတယ်။ ရန်ကုန်မှာ လိုအပ်တဲ့ နေရာတွေသွားဖို့ လုပ်ပေမဲ့ မသွားတတ် မလာတတ်တဲ့အပြင် လယ်လယ် ဝယ်ဝယ် ရှိတဲ့ သူငယ်ချင်းကလဲ ရွာပြန်သွားတော့ အင်းစိန်နဲ့ ရန်ကုန်ကို သွားတာ ကား၂ခါ မှားစီးလို့ ၃နာရီကြာမှ ရောက်ခဲ့ရပြန်ပါတယ်။

စင်ကာပူလေဆိပ်ရောက်တော့ မမြင်ဖူးလို့ ဟိုကြည့်ဒီကြည့်နဲ့ လမ်းမှားခါနီးမှာ အခြား အစ်မ တစ်ယောက်က ကရင်လို လာနှုတ်ဆက်ပြီး သူ့နောက်လိုက်ခဲ့ဖို့ ခေါ်တဲ့ အတွက် အဖော်ရ လမ်းမှန်သွားခဲ့ပါတယ်။ အဲဒီ အစ်မနဲ့ ကျမ ကလဲ ပွဲစား အတူတူမို့ ပိုပြီး အဖော်ရသွားပြန်ပါတယ်။ ပွဲစားအိမ် ရောက်တော့ မြန်မာဆိုလို့ ကျမတို့ နှစ်ယောက်ဘဲ ရှိပြီး ကျန်တာ အင်ဒိုနီးရှား။ ဖိလစ်ပိုင်နဲ့ အိန္ဒိယ နိုင်ငံသူတွေကို တွေ့ရပါတယ်။ ရောက်ရောက်ချင်းကျွေးတဲ့ အရသာမရှိ ဆားမပါတဲ့ Black bean ကို စားလို့ မဝင်ပေမဲ့ အဟာရ ရှိအောင် အားလုံးမြိုချလိုက်ရပါတယ်။ လေးရက် အတွင်းမှာ ကျမနဲ့ ပါလာတဲ့ အစ်မက အိမ်ရှင် ရသွားပေမဲ့ ကျမက အသစ်မို့ တော်တော် နဲ့ အလုပ် မရသေးပါဘူး။ ပါလာတဲ့ ဖိနပ်တစ်ရံကိုလဲ စည်းကမ်း မရှိတဲ့ အင်ဒိုနီးရှားမ က ယူဝတ်သွားလို့ ညစနာရီမှ ပြန်တွေ့ခဲ့ရပါတယ်။ တခြားနိုင်ငံသူ တွေကလဲ ကျမကို ဝိုင်းအနိုင်ကျင့်ကြပါသေးတယ်။ ၁၀ရက်နေတော့ ကျမကို အိမ်ရှင် လာခေါ်တယ်။ ဘာသာစကား အခက်အခဲရှိတော့ လုပ်ငန်းခွင်သုံး အင်္ဂလိပ်စကား အချို့ကို ပွဲစား မဒမ်က သင်ပေးခဲ့ပါတယ်။ ရောက်ခါစက စင်ကာပူ ဘတ်စ်ကားကို ကားခ ပိုက်ဆံ တစ်ဒေါ်လာ ဘယ်နေရာကို ထည့်ရမှန်းမသိလို့ အလကား စီးခဲ့မိပါ သေးတယ်။ အခုတော့ ကျမ စင်ကာပူနေတာ ထိုင်တာ အလုပ်လုပ်တာ အားလုံး အဆင်ပြေ နေပါပြီ။ အခုဆိုရင် လုပ်သက် ၂နှစ်ပြည့်ပြီးလို့ အိမ်ရှင်တွေက နောက်ထပ် ၂နှစ်ဆက်နေဖို့ သက်တမ်းတိုးပေးကြပါတယ်။ ကျမ အမြဲ ရွတ်နေကျ ကျမ်းစာလေးတွေရှိပါတယ်။ ဆာ ၁၀၃း၁-၂။ မသဲ ၆း၃၃။ ဆာ ၂၃ နဲ့ ဆာ ၇၁း၁၆ တို့ဘဲ ဖြစ်ပါတယ်။ ဒီကျမ်းချက်လေးတွေက ကျမအတွက် လမ်းပြကြယ် ပမာ အသက်တာ တစ်ခုလုံးကို လမ်းပြပို့ဆောင်ပေးနေပါတယ် ဆိုတဲ့အကြောင်း သက်သေ ခံ ရေးသားလိုက်ပါတယ်။ ။ Polaweh

---



## သက်သေခံချက် Ahying (Mogok)

ကျမ စင်ကာပူ ရောက်လာဖို့အတွက် ပတ်စ်ပို့လုပ်တဲ့ အကြောင်း လေး သက်သေ ခံချင်ပါတယ်။ ကျမက တောင်ပေါ်မြို့လေးကပါ။ ၂၀၀၈ နိုင်ဝင်ဘာလက စပြီး နိုင်ငံခြား သွားဖို့ ပတ်စ်ပို့ လုပ်ပါတယ်။ အသက် ၁၈နှစ် မပြည့်ခင်က ယာယီ မှတ်ပုံတင်နဲ့ လျှောက်ထား တဲ့အပြင် ကျမရဲ့ အိမ်ထောင်စုဇယားထဲက နာမည်က တိုင်းရင်းသား နာမည် ဖြစ်နေပြီး မှတ်ပုံတင်က နာမည်က ဗမာနာမည် ဖြစ်နေတဲ့အတွက် ပတ်စ်ပို့ရုံးမှာ ဘယ်လိုမှ ပတ်စ်ပို့ လျှောက်လို့ မရခဲ့ပါ။ နာမည်။ ခုနှစ်။ အိမ်ထောင်စုဇယားနဲ့ ယာယီ မှတ်ပုံတင်ဆိုတဲ့ ပြဿနာလေးမျိုးက ကျမကို စိတ်ဓါတ်ကျအောင်၊ အဆင် မပြေအောင် တားဆီးနှောက်ယှက်နေခဲ့ပါတယ်။ ကျမ ကိုယ်တိုင် ပတ်စ်ပို့ရုံးကို သွားခဲ့ ပေမဲ့ အဲဒီပြဿနာတွေကြောင့် ကျမ တံုကင် မရခဲ့ပါ ဘူး။ ကျမရဲ့ အလုပ် အေဂျင်စီက သူတို့ အသိတွေနဲ့ ကူညီပေးပေမဲ့လဲ အဆင် မပြေပြန်ပါဘူး။ ဘုရားသခင်က ကျမကို ပတ်စ်ပို့ လွယ်လွယ်ကူကူ ထုတ်မပေးဘဲ ကျမရဲ့ ယုံကြည်ခြင်းကို ဆန်းသပ်နေသလို ခံစားရပါတယ်။ အိမ်ထောင်စုဇယား သွားလဲလို့ ဆိုတာ ကလဲ ကျမ အိမ်က တောင်ပေါ်နယ်မြို့လေးဆိုတော့ အသွားအပြန်နဲ့ လမ်းစရိတ်၊ အချိန် အဆင်ပြေမှာ မဟုတ်လို့ ကျမ မပြန်ခဲ့ပါဘူး။ မနက်တိုင်း သွားတန်းစီတယ်။ ကျမ အလှည့် ရောက်တော့ အဆင်မပြေဘူး နေ့တိုင်း ပြန်လာရတယ်။ တာဝန်ရှိသူကလဲ မင်း လာ တန်းစီ နေတာ ဘယ်နှစ်ပါတ်ရှိနေပြီလဲ။ မလာနဲ့တော့။ မင်းရဲ့ မှတ်တမ်းတွေက မပြည့်စုံဘူးလို့ ပြောလွှတ်ပါတယ်။ နောက်တစ်နေ့မှာတော့ သူက မင်း အောက်ထပ်က အရာရှိကြီးဆီ သွားတွေ့ပါ။ သူက သဘောတူရင် မင်းကို ငါ



သခင့်စကား ဝိညာဉ်ရေးရာစာစောင် အမှတ်စဉ် ၁၂၇ မတ်လ ၂၀၁၂ ခုနှစ်
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်များနှင့် မိတ်သဟာယများ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ဆက်လုပ်ပေးမယ်တဲ့။ ဒါနဲ့ ကျမလဲ သူငယ်ချင်း တစ်ယောက် အဖော်ခေါ်ပြီး အောက်ထပ်က အရာရှိကြီးဆီ သွားတွေ့ပါတယ်။ အပေါက်စောင့် လုံခြုံရေးက အရာရှိကြီး အလုပ်များနေတယ် မအားဘူးလို့ ပြောပေမဲ့ ကျမတို့ပြောတဲ့အသံကို အရာရှိကြီးက အထဲကနေ ကြားသွားပြီး လှမ်းခေါ်တယ်။ သမီးတို့ကို အဘ ဘာကူညီရမလဲတဲ့။ ကျမက အကျိုးအကြောင်း ရှင်းပြပါတယ်။ ကျမရဲ့ မှတ်ပုံတင် နာမည်နဲ့ အိမ်ထောင်စုဇယားထဲက နာမည် မတူလို့ ပြဿနာဖြစ်နေကြောင်း ပြောပြတဲ့အခါ အရာရှိကြီးက ကျမ နေတဲ့ တောင်ပေါ် ရွာလေးက ကောင်စစ်ရုံးဆီ လှမ်းဖုန်းဆက်ပြီး မေးပါတယ်။ နာမည် အတူတူပါဘဲ။ ဆိုတဲ့ အဖြေရတဲ့အခါ အရာရှိကြီးက ပတ်မှန်ကြောင်း ထောက်ခံစာ ရေးပေးပါတယ်။ နောက်တစ်နေ့ သွားတန်းစီတော့ တာဝန်ခံက ကျမ ယူလာတဲ့ အရာရှိကြီး လက်မှတ်ကို မယုံသင်္ကာ ဖြစ်လို့ ရဲဘော်လေးတစ်ယောက်ကို လူလွှတ်ပြီး သွားမေး ခိုင်းပါတယ်။ အရာရှိကြီးက ဟုတ်မှန်ကြောင်း ဖြေလိုက်တော့ ကျမ ချက်ခြင်းဘဲ ပတ်စ်ပို့ လျှောက်ဖို့ တံုကင်နံပါတ် ရသွားခဲ့ပါတယ်။ လနဲ့ ချီသွားပြီ။ လူပေါင်းစုံနဲ့ တွေ့ဆုံပြီး ပြဿနာတက်နေတဲ့ ကျမ ကိစ္စက အခုတော့ လွယ်လွယ်လေး၊ ခနလေးနဲ့ အဆင်ပြေသွားခဲ့ပါတယ်။ ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ ဆုတောင်းရင် ယေရမိ ၃၃း၃ လို ဘုရားကိုခေါ်ရင် ဘုရားသခင်က ထူးပြီး နာညောင်း အဖြေပေးပါလိမ့်မယ်။ ။ Ahying (Mogok)

---

လျှာ



## လျှာကိုထိန်းချုပ်ခြင်း Mary(ဖျာပုံ)

လျှာသည် ငယ်သော အင်္ဂါ ဖြစ်သော်လည်း -- ဝါကြွား တတ်၏။ ---လျှာသည် မီးဖြစ်၏။ -- ဒုစရိုက်၏ လောကဓါတ်လဲ ဖြစ်၏။ --- တစ်ကိုယ်လုံးကို ညစ်ညူးစေ၏။ --- မီးရှို့တတ်၏။ ယာ ၃း၅-၆

ကျမတို့ ပြောဆိုသော အရာများကို ထိန်းချုပ်ဖို့ တမာန်တော်ကြီး ရှင်ယာကုပ်က ယာကုပ် ၃း၁-၁၂ မှာသွန်သင်ထားပါတယ်။ ကျမတို့အားလုံးဟာ အမှားများစွာကို ပြုတတ်ကြပါတယ်။ စကားအားဖြင့် အမှားမရှိအောင် နေနိုင်တဲ့သူဟာ စုံလင်တဲ့သူ ဖြစ်တယ်လို့ ဆိုထားပြန်ပါတယ်။ လျှာဟာ ခန္ဓာတစ်ခုလုံးကို ထိန်းချုပ်နိုင်သူလို့ ဖော်ပြထားပါတယ်။ မြင်းကို နိုင်ရန် မြင်းပါးစပ်ထဲမှာ ဇက်ကြိုးကို ထည့်ထားရသလို၊ အလွန်ကြီးမားတဲ့ သင်္ဘောတစ်စီးမှာလဲ တက်မ ကလေးက ထိန်းချုပ်ကာ သွားလိုရာကို ဦးတည် ပေးနိုင်ပါတယ်။ လျှာဟာလဲ အလွန်သေးငယ်ပေမဲ့ လူတစ်ကိုယ်လုံးကို ကြိုက်သလို လှည့်နိုင်တဲ့ အရည်အချင်းရှိပါတယ်။

လျှာဟာ မီးနဲ့တူပြီး တကိုယ်လုံးကို ငရဲမီးကဲ့သို့ လောင်ကျွမ်းစေနိုင်ပါတယ်။ တိရိစ္ဆာန်တွေကို ယဉ်ပါးအောင် လေ့ကျင့်နိုင်ပေမဲ့ လျှာကို ယဉ်ပါးအောင် လုပ်ဖို့ ခက်ခဲပါတယ်။ လျှာကို ဘယ်သူမှ မအောင်နိုင်တဲ့ အဆိုးအညစ်လို့ ဆိုထားပါတယ်။

ကျမ သိထားတဲ့ သာဓက လေးနဲ့ အနည်းငယ် ဝေမျှချင်ပါတယ်။ စင်ကာပူမှာ အလုပ်လုပ်နေတဲ့ အမျိုးသမီးတစ်ဦးဟာ အလုပ် စိတ်ကျဉ်းကျပ်မှုကြောင့် ထွက်ပေါက်ရလိုတဲ့ သဘောနဲ့ မြန်မာပြည်က မိခင် အရမ်းနေမကောင်းဖြစ်လို့ အိမ်ကို ခနပြန်ချင်တဲ့ အကြောင်း အိမ်ရှင်ကို လှည့်ပတ်လိမ်စားပြီး စိတ်ပြေလက်ပျောက် မြန်မာပြည် ပြန်လည်ဖို့ မုသားသုံးခဲ့ပါတယ်။ ကျမ်းမာပကတိ ဖြစ်နေတဲ့ မိခင်ကို အရမ်း နေမကောင်းဘူးဆိုတဲ့ လျှာအရိုး မရှိတိုင်း သူဌေးကို ပြောပြီး လိမ်လည်မှုနဲ့ အမြန်ပြန်လို့ ရအောင် လုပ်ဆောင်ခဲ့ပါတယ်။ အိမ်ရှင်သူဌေးတွေက တကယ်ထင်ပြီး အမြန်ပြန်နိုင်ဖို့ စီစဉ်ပေးခဲ့ပါတယ်။ သူပြောခဲ့တဲ့ သူ့လျှာထဲက စကားအတိုင်း သူမြန်မာပြည် ပြန်ရောက်တဲ့နေ့မှာဘဲ ကျမ်းမာပကတိ ရှိနေတဲ့ မိခင်ဟာ ရုတ်တရက် လေဖြန်း သွားခဲ့ပါတယ်။ သူ့လိမ်လည်မှု အကြံကို သိနေတဲ့ အစ်မဖြစ်သူက သူ့ကို အရမ်းဆူခဲ့ပါတယ်။

ဒါဟာ လျှာရဲ့ လှည့်စားမှု ရလဒ်လေးဖြစ်ပါတယ်။ မဟုတ်မမှန်သော အရာများကို ပြောဆိုခြင်းဖြင့် လျှာကို အသုံးမချဖို့ သတိပေးလိုက်ပါတယ်။ သေစေတတ်သော အဆိပ် အတောက်နှင့်ပြည့်စုံ၏ လို့ ရှင်ယာကုပ်က သွန်သင်ထားပါတယ်။ မိမိတို့ လျှာကို ထိန်းချုပ်ကြပါစို့။ ။ Mary (ဖျာပုံ)

---

# ခေတ်သစ်ယုဒ

## ခေတ်သစ် ယုဒရှကာယုတ် ဖိုးခွား(သန်လျင်)

"ယုဒရှကာယုတ်" ဆိုရင် ခရစ်ယာန်တိုင်း သိကြမှာပါ။ ခရစ်ဂင် ဇတ်ကား ကြည့်တဲ့ သူတိုင်း ဒေါသတကြီးနဲ့ အမုန်းပွားတာကို ခံရတဲ့ သူဟာ "ယုဒရှကာယုတ်" ပဲပေါ့။ ကျွန်တော် ငယ်ငယ် တုန်းက ဒီ လူကြီးကို ဘယ်လိုမုန်းမုန်း မသိဘူး။ ကလေး အရွယ်က ခရစ်တော်ရဲ့ သက်တော်စဉ် ရုပ်ရှင်ဇတ်ကားကို ကြည့်တုန်းက ခရစ် တော်ကို ခရစ်တော်မုန်းတော့ မသိပါဘူး။ ဇတ်ကားထဲက ဇတ်လိုက် တယောက် လိုပဲ သဘောထားတာပေါ့။ ယုဒ ရှကာရုတ်က ဇတ်လိုက်ကို သစ္စာဖောက်ပြီး ရောင်းစား၊ လူဆိုးလက်ထဲ အပ်တဲ့လူ ဆိုပြီး ကျွန်တော့် မှာ ဒေါသတွေ အလိပ်လိုက် ထွက်လိုက်တာ။ တတ်နိုင်ရင် ဓားတချောင်း ကိုင်ပြီး နတ်နတ်စင်း ပစ်လိုက်ချင်တာပါပဲ။ ကျွန်တော့်ကို ယုဒရှကာယုတ်လို လူစားမျိုး ဖြစ်ချင် သလားလို့ မေးရင် "မေးမှ မေးရက်ပလေ။ ဘယ်တော့မှ မဖြစ်ချင်ဘူး" ဆိုပြီး ပြောလွှတ်လိုက်မှာ။ ခရစ်ယာန်တိုင်းကိုလည်း အဲဒီလိုမေးရင် "ဘယ်ဖြစ်ချင်ပါ့မလဲ" လို့ စိတ်ဆိုးမာန်ဆိုးနဲ့ ပြောကြမှာ သေချာပါတယ်။ ဒါပေမဲ့ စာတန်မာရ်နတ်ရဲ့ လှည့်ကွက် ထဲ ဘုမသိ ဘမသိ ရောက်သွားလို့ ရှိရင်၊ ယုဒရှကာယုတ်လို ဖြစ်မှန်းမသိ ဖြစ်သွား ကြပါလိမ့်မယ်။ ယုဒရှကာယုတ် ခရစ်တော်နောက် လိုက်တာက ခရစ်တော်ကို ချစ်လို့ မဟုတ်ဘူး။ သူ ချစ်တာက "ငွေ" ဆိုတဲ့ လောကရဲ့ သခင်ပေါ့။ ငွေချစ်လို့ပဲ ငွေနဲ့ အနီးဆုံးနေရအောင် ငွေကိုင် လုပ်ခဲ့တယ်လေ။ ခရစ်တော်နောက် လိုက်နေတုန်း ငွေကိုကိုင်ရတော့ ခရစ်တော်ကိုလည်း သခင်အဖြစ် ခေါ်ချင် ခေါ်မှာပေါ့။ ဒါပေမဲ့ ခရစ်တော်နဲ့ငွေ သခင်နှစ်ပါးမှာ ဘယ်သူ့ကို ပိုချစ်သလဲဆိုတာကို သိချင်ရင် မာရိက နာဒုဆီမွှေးနဲ့ ခရစ်တော်ရဲ့ ခြေတော်ကို သုတ်တဲ့အခါ သူ ဘာပြောသလဲဆိုတာကို ကြည့်ကြပါ။ "ဒီဆီမွှေးကို ရောင်းစားရင် ဒေနာရီအပြား သုံးရာရမယ်" လို့ သူဆိုတယ်။ ခရစ်တော်ကို ပူဇော်တဲ့ တန်ဖိုးကို ငွေသုံးရာနဲ့ ဖြတ်လိုက်တယ်။ သူ့စိတ်ထဲမှာ ခရစ်တော်ထက် ငွေကို တန်ဖိုးထားတဲ့ အတွင်းစိတ်က သိသိသာသာကြီး အံထွက်လာတာပါပဲ။ ဒါပေမဲ့ သူ့ရဲ့ သခင်စစ်ဟာ ငွေမှန်း မသိစေချင်တော့ "ရောင်းရ ငွေကို ဆင်းရဲသားတွေကို ပေးလိုက်ရရင် ဘယ်လောက်ကောင်းမလဲ" ဆိုပြီး ဆင်းရဲသား အကျိုးကို လိုလားသယောင်ယောင်နဲ့ ပိတ်လိုက်တယ်။ ဒါပေမဲ့ ဆင်းရဲသား အကျိုး မျှော်ကိုး လို့တော့ မဟုတ်ဘူးဆိုတာ မပြောလဲ အားလုံးက သိကြ ပါတယ်။ တမန်တော် အတွက် ငွေအိတ်ထဲက ငွေတွေကို ခိုးယူတတ်တဲ့ ယုဒ ရှကာယုတ်ဟာ ခရစ်တော် ထက် ငွေကို ပိုပြီး နမြောတာပေါ့ဗျာ။(ယော ၁၂း၃-၆) အဲဒီလို ခရစ်တော်ထက် ငွေကို ချစ်တဲ့စိတ်နဲ့ ခရစ်တော် နောက်လိုက် ခဲ့တဲ့ ယုဒရှကာရုတ်ဟာ ခရစ် တော် နောက်လိုက်တာ ဘာအကျိုးမှ မရ နိုင်တော့ဘူးလို့ ထင်လိုက်တဲ့ တနေ့။ ကိုယ့် သခင်ကို ပြန်ပြီး ရောင်းစားသွားတယ်။ ဒီခေတ်ကြီးမှာလည်း ခရစ်တော် နောက်လိုက်သူ အများ ရှိကြပါတယ်။ ခရစ်တော်နောက် လိုက်တာ ကောင်းပါတယ်။ ဒါပေမဲ့ ယုဒရှကာရုတ်လို ငွေကို မျှော်ကိုးပြီး မလိုက်ပါလေနဲ့။ ကောင်း ကြီးကို မျှော်ကိုးပြီး မလိုက်ပါလေနဲ့။အောင်မြင်မှုကို မျှော်ကိုးပြီး မလိုက်ပါလေနဲ့။ ကျမ်းမာမှုကို မျှော်ကိုးပြီး မလိုက်ပါလေနဲ့။



ခရစ်တော်နောက် လိုက်တာဟာ ငွေအတွက်၊ ရုပ်ဝတ္ထု ပစ္စည်း အတွက်၊ အောင်မြင် ကျော်ကြား မှုအတွက်၊ ထင်ပေါ် လူသိများဖို့ အတွက်၊ သက်သက် သာသာ နေရဖို့ အတွက်၊ --အတွက်၊ --အတွက် မျှော်ကိုးပြီး လိုက်တယ် ဆိုရင် ငွေ မရတော့တဲ့ တစ်နေ့၊ ကိုယ့်သခင်ကို ပြန်ပြီး ရောင်းစား သွားကြလိမ့်မယ်။ ခရစ်တော် နောက် လိုက် တာဟာ ကောင်းကြီးအတွက် မျှော်ကိုးပြီး လိုက်တယ်ဆိုရင် ကောင်းကြီး မရတော့တဲ့ တစ်နေ့ ကိုယ့်သခင်ကို ပြန်ပြီး ရောင်းစားသွားကြလိမ့်မယ်။ ခရစ်တော် နောက် လိုက်တာဟာ အောင်မြင်မှုအတွက် မျှော်ကိုးပြီး လိုက်တယ်ဆိုရင် အောင်မြင်မှု မရတဲ့တနေ့ ကိုယ့်သခင်ကို ပြန်ပြီး ရောင်းစား သွားကြလိမ့်မယ်။ ခရစ်တော်နောက် လိုက်တာဟာ ကျမ်းမာဖို့အတွက် မျှော်ကိုးပြီး လိုက်တယ်ဆိုရင် မကျမ်းမာ တော့တဲ့ တနေ့ ကိုယ့်သခင်ကို ပြန်ပြီး ရောင်းစားသွားကြလိမ့်မယ်။

စာတန်ဟာ လိမ္မာပါးနပ်တယ်။ ခေတ်သစ် ယုဒရှကာယုတ်လေးများကို အများကြီး မွေးထုတ်ဖို့ ကြိုးစားနေပါတယ်။ စာတန်ရဲ့ ခေတ်သစ် ယုဒရှကာယုတ်လေးများထဲမှာ ကိုယ်ကိုယ်တိုင် မပါကြပါစေနဲ့။ "ဘုရားဝတ်၌ မွေ့လျော်ခြင်းသည် အကျိုး စီးပွားဖြစ်သည်ဟု သူတို့သည်စိတ်ထင်ကြ၏။ ထိုသို့သော သူတို့ကို ရှောင်လော့။" ၁ တိ ၆း၅။ ။ ဖိုးခွား(သန်လျင်)

---

## သက်သေခံချက် Mamathree

ကွန်ပျူတာ မသုံးတတ်သေးပေမဲ့ ဘုရားသခင်ရဲ့ ကောင်းမြတ်ခြင်းကို သက်သေ ခံပါရစေ။ ဆရာရှင့် မှားတာလေးတွေပါခဲ့ရင် ပြုပြင်ရေးပေးပါ ဆရာတို့



သခင့်စကား ဝိညာဉ်ရေးရာစာစောင် အမှတ်စဉ် ၁၂၇ မတ်လ ၂၀၁၂ ခုနှစ်
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်များနှင့် မိတ်သဟာယများ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

မိသားစု ပေါ် ဘုရားသခင် ကောင်းကြီးပေးပါစေ။

ငယ်ငယ်တုန်းက ကျွန်မ ဖေဖေ မေမေအပေါ် နားမလည် နိုင်ခဲ့ပါ။ သိပ်ကို လွန်တယ်လို့ထင်ခဲ့မိပါတယ်။ အိမ်က အပင်တွေ အသီး သီးတဲ့အခါ အရင်ဆုံး အရမ်း စားချင်ပေမဲ့ ဘယ်တုန်းကမှ ခွင့်မပြုခဲ့ဘူး။ အဦးဆုံး အသီးကို အသင်းတော် ဆရာအိမ် ပို့ခိုင်းတယ်။ ပြီးရင် နှစ်ဖက်သော ဖိုးဖိုး ဖွားဖွားအိမ် ပို့ရပြန်တယ်။ ပြီးမှ ကျန်တာတွေကို ကျမတို့ စားရပါတယ်။ ဒီလိုနဲ့ တဖြည်းဖြည်း သတိထားမိတယ်။ ကျွန်မတို့ အိမ်က အသီးတွေက သာမန်ထက် ချိုတယ်။ ကြီးတယ် သူများတွေ အသီး သုန်းလည်း အိမ်ကတော့ သီးနေတုန်း။ သူငယ်ချင်းတွေကို ဝေငှ ပေးကမ်းလို့ မကုန်အောင်နဲ့ပေါ့။ အဲဒီတုန်းက အားလုံးက ပြောပါတယ် ဖေဖေ့ လက်ကောင်းလို့ ဆိုလား။ (ဖေဖေ အပင်စိုက်ကောင်းလို့၊ မြေဩဇာကျွေး ကောင်းလို့) တကယ်တော့ ဘုရားသခင်က ပွားများစေခဲ့တာ ကျွန်မ အလုပ် လုပ်တဲ့အခါမှာ ကြီးစားပမ်းစား လုပ်ခတွေ တခါခါ မကုန်သင့်ဘဲ ကုန်။ ဆုံးရှုံးသွားတော့ နဲနဲ နမြောတာပေါ့။ ကိုယ့်ကိုယ်ကိုသာ အပြစ်တင်မိတယ်။ နောက်ပိုင်း ဆုံးရှုံးမှာ ကြောက်လာတယ်။ လစာ ရတာနဲ့ ငွေကို ကိုင်ထားပြီး ဘုရားကို အပ်နှံတဲ့အခါက စပြီး တကယ် ထူးခြား လာပါတယ်။ ဟာလေလုယာ။ မိတ်ဆွေတို့လည်း ကျွန်မလို ကြုံဖူးမှာပါ။ စမ်းကြည့်ပါ။ တို့ ကိုးကွယ်တဲ့ ဘုရားဟာ အံ့ဩစရာကောင်းလောက်အောင် ကိုင်တွယ်ပေးမှာပါ။ လခ ရတာနဲ့ ဆယ်ဘို့ဖယ် ဆုတောင်းပါ။ ကျေးဇူးချီးမွမ်းပါလို့ သက်သေခံရင်း -

---

# မနုဿအလင်း

**မင်းအောင်သက်လွင်**
မြန်မာပြည်၊ ရန်ကုန်မြို့



ဆင်းရဲသား ရပ်ကွက် တစ်ခုရဲ့ ဆောင်းညနေခင်း တစ်ခုမှာ နေရာ အနှံ့ ပလူ ကောင်တွေ ထွက်လာတာကို တွေ့ရပါ တယ်။ အသက် ဆယ်နှစ် ဝန်းကျင်သာ ရှိသေးတဲ့ ကျွန်တော့်အတွက် ပလူကောင်တွေက များလွန်း တော့ ဘာလုပ်ရမှန်း မသိပါ။ သတိထားမိတာကတော့ ပလူကောင်တွေဟာ အလင်း ရောင် ရှိတဲ့ နေရာကို ပိုပြီး ဝိုင်းအုံ ရောက်လာ လှည့်ပတ်ပျံသန်းနေတာကို တွေ့ရပါ တယ်။ အိမ်မှာက ၄၀ ဝပ် မီးသီးလေးတစ်လုံး၊ ၁၀၀ ဝပ် မီးသီးအလတ် တစ်လုံးနဲ့ ဧည့်ခန်းမှာတော့ ၄ပေ မီးချောင်း တစ်ချောင်း ထွန်းထားတာ ဖြစ်တဲ့အတွက် လင်းအား အကောင်းဆုံး ဖြစ်တဲ့ လေးပေ မီးချောင်း နေရာတဝိုက်မှာ ပလူကောင်တွေ အများဆုံး ရှိနေတာကို တွေ့ရပါတယ်။

အဲဒီအချိန်မှာ အဖေက ရေတစ်ဝက် ထည့်ထားတဲ့ ဒန်ဇလုံ တစ်လုံးကို လေးပေ မီးချောင်းအောက်မှာ ချထားလိုက်ပါတယ်။ မကြာခင် ပလူကောင်တွေ ရေဇလုံ ထဲ ပြုတ်ကျ သေဆုံးသွားကြပါတယ်။ ပလူကောင် ဆိုတာ ခြကောင် လေး တွေက တဆင့် ပြောင်းလဲ ဖြစ်ပေါ်လာတာလို့ ယေဘူယျအားဖြင့် နားလည်ရပါတယ်။ ခြကောင်တွေက ခြတောင်ပို့တွင်း မှောင်မှောင်မည်းမည်းထဲမှာ နေထိုင်ကျက်စားတာ ဖြစ်ပါတယ်။ အမှောင်ချောင် တစ်နေရာရာ တွင်းထဲ တောင်ပို့ထဲမှာ ခြကောင် ဘဝနဲ့ နေကြတာ ဖြစ်ပေမဲ့ ပလူကောင် အဖြစ် အတောင်အသစ်တွေ ပေါက်ပြီး၊ ဘဝ ပြောင်း ချိန်မှာတော့ တွင်းထဲ အမှောင်ထဲမှာ မနေတော့ဘဲ၊ အပြင်ထွက်လာကာ အလင်းရောင် ရှိရာကို ပျော်ပါးမြူးတူးဖို့ ရောက်လာကြပါတယ်။

ခြကောင် ဘဝမှာ အမှောင်ကြိုက်တဲ့ ပလူကောင်ဟာ ပလူ ဖြစ်လာချိန်မှာ တော့ အလင်းကို ခုံမင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော့် ဘဝမှာလဲ အမှောင်နဲ့ အလင်းကို တလှည့်စီ ခုံမင် ကျင်လည် ဖူးခဲ့ပါတယ်။

ဖတ်ခဲ့၊ မှတ်ခဲ့၊ လေ့လာခဲ့ဖူးသမျှ သမ္မာကျမ်းစာထဲက အမှောင်နဲ့ အလင်း အကြောင်း အနည်းငယ် ဝေငှလိုက်ပါတယ်။

**အမှောင်တရား။**

၁) ဘုရားသခင်၌ မှောင်မိုက် အလျှင်းမရှိ။ ( ၁ယော ၁း၅-ခ)

၂) မိမိတို့ အခွင့်အရာကိုမစောင့်၊ မိမိတို့ နေရာအရပ်ကို စွန့်ပစ်သော ကောင်းကင် တမန် တို့ကို ကြီးစွာသောနေ့၌ စစ်ကြော စီရင် ခြင်းအလို့ငှာ ထာဝရ ချည်နှောင်ခြင်း အားဖြင့် မှောင်မိုက်ထဲမှာ ချုပ်ထား တော်မူ၏။ ယု ၁း၆

၃) မှောင်မိုက်၏ အကျင့်ကို ဖယ်ရှား၍ --- ( ရော ၁၃း၁၂)

**အလင်းတရား**

၁) ဘုရားသခင်သည် အလင်းဖြစ်တော်မူ၏ (၁ယော ၁း၅-က)

ကျွန်တော်တို့ ကိုးကွယ်တဲ့ ဘုရားသခင်ရဲ့ ဂုဏ်တော်အများကြီးရှိတဲ့ အနက်က တစ်ပါးဟာ အလင်း ဖြစ်ပါ တယ်။

၂) သင်တို့သည် ဤလောက၏ အလင်း ဖြစ်ကြ၏

မသဲ ၅း၁၄ အရ ယုံကြည်သူတွေဟာ လောကကို ထွန်းလင်းစေနိုင်တဲ့ အလင်း ဖြစ်ရမှာ ဖြစ်ပါတယ်။ အလင်းရဲ့ သားသမီး ဖြစ်တဲ့ ယုံကြည်သူတွေဟာ ခြကောင် တွေလို တွင်းထဲ အမှောင်ထဲ တောင်ပို့ထဲမှာ မနေဘဲ ပလူကောင်များကဲ့သို့ အလင်း ရှိရာကို ရောက်လာဖို့ လိုအပ်ပါ တယ်။

၃) ယခုမူကား သခင်ဘုရား၌ အလင်းဖြစ်ကြ၏။

သခင်ယေရှုကို ယုံကြည် ကိုးကွယ်သူဟာ အလင်း ဖြစ်သွားပါတယ်။ ပညာ တတ်လို့၊ ငွေရေးကြေးရေး တောင့်တင်းချမ်းသာလို့၊ လင်ကောင်း သားကောင်း မယား ကောင်းရပြီး ရုတ်ချည်း ချမ်းသာသွားလို့၊ ဆွေမျိုး အသိုင်းအဝိုင်း တောင့်တင်းလို့ သူ့ ဘဝ လင်းသွားတာ မဟုတ်။ သခင်ဘုရား၌ အလင်း ဖြစ်ခြင်း ဖြစ်ပါတယ်။

၄) သို့ဖြစ်၍ အလင်း၏သား ကဲ့သို့ ကျင့်နေကြလော့။

ထိုသူများဟာ အလင်းရဲ့ သားသမီးလို ကျင့်ကြံပြုမူရမှာဖြစ်ပါတယ်။ အလင်း၏ သားသမီးများကဲ့သို့ ကောင်းသော အကျင့်ကို ကျင့်ရမှာ ဖြစ်ပါတယ်။

၅) ထို့ကြောင့် အိပ်ပျော်သောသူ နိုးလော့။ သေခြင်းမှ ထမြောက်လော့။ သို့ပြုလျှင် ခရစ်တော်သည် အလင်းကို သင့်အား ပေးတော်မူမည်။ ဖေက် ၅း ၈-၁၄။

နောက်ဆုံး ကျမ်းပိုဒ်ကတော့ အိပ်ပျော်နေသူကို နှိုးပြီး အလင်းပေးခြင်း ဖြစ် ပါတယ်။ အိပ်ပျော်သူဟာ သေလူနဲ့ မခြားနားပါ။ အသက်ရှူနေ၊ အတွင်း ကိုယ်အင်္ဂါ ကလီစာများ လှုပ်ရှားလည်ပတ်နေတာက လွဲရင် အပြင်ပန်း ကိုယ်ခန္ဓာဟာ လှုပ်ရှားမှု ကင်းမဲ့ ငြိမ်သက်နေတာ ဖြစ်ပါတယ်။ မစားနိုင် မသောက်နိုင်။ အလုပ် မလုပ်နိုင်တဲ့ အိပ်ပျော်သူဟာ သေလူနဲ့ မခြားပါ။

၆) အလင်း၏ လက်နက်စုံကို ဝတ်ဆင်ဆောင်ရွက်ကြကုန်အံ့ (ရော ၁၃း၁၂-ခ)

အလင်း၏ လက်နက်စုံဖြစ်တဲ့ တင့်တယ်လျောက်ပတ်စွာ ကျင့်ဆောင် ပြုမူ ရမှာ ဖြစ်ပါတယ်။ အမှောင်ထဲမှာ အိပ်မနေ။ သေမနေ ပါနဲ့ လို့ နှိုးကာ ဆန့်ကျင်ဘက်တရား ဖြစ်သော အလင်း (သို့) အသက်ရှင်ခြင်းကို ခရစ်တော်က ပေးမှာ ဖြပ်ပါတယ်။ မိတ်ဆွေ ကျွန်တော်တို့ အမှောင်ထဲက ခြကောင် တွေလား။ အလင်း အောက်က ပလူကောင် တွေလား။ အလင်းရှင်နဲ့ တွေ့ဆုံကာ ကိုယ်တိုင် လင်းနိုင်သူများ ဖြစ်ကြပါစေ။ ။ **(မင်းအောင်သက်လွင်)**

---

## အချစ်ဈေး (ကာတွန်း-ရန်ကြီးအောင်)




ဈေးတွေက တစ်ခုပြီး တစ်ခု တက်နေတာ။ ကျမလဲ ကျမ အချစ်ကို ဈေးတက် ရပါလိမ့်မယ်။ အရင်ကလို ထောင့်ငါးရာနဲ့ မရတော့ဘူး သိလား။( အိုး မိုင် ဂေါ့ )



မည်သူမဆို စာမူများ ရေးသားပေးပို့နိုင်ပါသည်။ min aung thet lwin, blk 76A #30-02 Red hill Road S’pore 151076.
သခင့်စကားစာစောင်ကို www.thelordword.com နှင့် facebook ၌ lord’s word , lord’s heart တို့တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည်။
မင်းအောင်သက်လွင် စီစဉ်ထုတ်ဝေသည်။